အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည်

ရုကူအ် ဦးညွှတ်ရာမှ မိမိ၏ကျောကိုပြန်ကြွသည့်အခါ

ဤဇိက်ရ်ကို ရွတ်ဆိုလေ့ရှိတော်မူသည်။ “စမိအလ္လာဟုလိမန်ဟမိဒဟ်၊

အစ်ဗ်နုအဗီအောင်ဖဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ရုကူအ် ဦးညွှတ်ရာမှ
မိမိ၏ကျောကိုပြန်ကြွသည့်အခါ ဤဇိက်ရ်ကို ရွတ်ဆိုလေ့ရှိတော်မူသည်။ “စမိအလ္လာဟုလိမန်ဟမိဒဟ်၊ အလ္လာဟုမ္မ ရဗ္ဗနာလကလ်ဟမ်ဒ် မိလ်အတ်စ် စမာဝါသိ ဝမိလ်အလ် အရ်ဿွိ
ဝမိလ်အ မာရှိအ်သ မင်န်ရှိုင်းအင်န် ဗအ်ဒု” (ချီးမွမ်းထောမနာပြုသူ၏
ချီးမွမ်းခြင်းကို အလ္လာဟ်အရှင်မြတ်မှ လက်ခံတော်မူပါ။ အို - အလ္လာဟ်အရှင်မြတ်၊အို - ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊
ချီးမွမ်းထောမနာခြင်းအပေါင်းသည် အသင်အရှင်မြတ်အဖို့သာ ဖြစ်ပါ၏။ အရှင်မြတ်သည်
မိုးကောင်းကင်နှင့်အမျှဖြစ်သော၊ မြေပထဝီနှင့်အမျှဖြစ်သော
အရှင်မြတ်အလိုရှိတော်မူသည့် နယ်ပယ်အမျှဖြစ်သော ချီးမွမ်းထောမနာခြင်းအပေါင်းကို
ခံယူထိုက်တော်မူသော အရှင်ဖြစ်တော်မူသည်။). [صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ်လမ်)သည် ဆွလာသ်၌ ရုကူအ် ဦးညွှတ်ရာမှမိမိ၏ကျောကို ပြန်ကြွသည့်အခါ ဤဇိက်ရ်ကို ရွတ်ဆိုလေ့ရှိတော်မူသည်။ “စမိအလ်လာဟုလိမန်ဟမိဒဟ်” ချီးမွမ်းထောမနာပြုသူ၏ ချီးမွမ်းခြင်းကိုအလ္လာဟ်အရှင်မြတ်မှ လက်ခံတော်မူပြီး အကျိုးကုသိုလ်ချီးမြှင့်‌တော်မူသည်။ ထို့နောက်ဤဒုအာကိုရွတ်ဆိုကာ အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုတော်မူသည်။ “အလ္လာဟုမ္မရဗ္ဗနာလကလ်ဟမ်ဒ် မိလ်အတ်စ် စမာဝါသိ ဝမိလ်အလ် အရ်ဿွိ ဝမိလ်အ မာရှိအ်သမင်န်ရှိုင်းအင်န် ဗအ်ဒု” ချီးမွမ်းထောမနာပြုသူ၏ ချီးမွမ်းခြင်းကိုအလ္လာဟ်အရှင်မြတ်မှ လက်ခံတော်မူပါ။ အို - အလ္လာဟ်အရှင်မြတ်၊ အို - ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ချီးမွမ်းထောမနာခြင်းအပေါင်းသည် အသင်အရှင်မြတ်အဖို့သာ ဖြစ်ပါ၏။ အရှင်မြတ်သည်မိုးကောင်းကင်နှင့်အမျှဖြစ်သော၊ မြေပထဝီနှင့်အမျှဖြစ်သောမိုးနှင့်မြေကြားနှင့်အမျှဖြစ်သော၊ အရှင်မြတ်အလိုရှိတော်မူသည့် နယ်ပယ်အမျှဖြစ်သောချီးမွမ်းထောမနာခြင်းအပေါင်းကိုခံယူထိုက်တော်မူသောအရှင်ဖြစ်တော်မူသည်။

http://www.sunnah.global/hadeeth/my/show/65101